ဩဂုတ်လ(၈)ရက်...ကျွန်မ၏ ခန္ဓာ ရထားကြီးသည် သည်နေ့မှာ ဖြင့် (၄၂) ခုမြောက်ဘူတာ ထဲ သို့ဝင်ရောက်လာပါသည်။ ဘူတာနံပါတ်ကြီးလာလေလေ, ပို၍အသံမြည်လေလေဖြစ်ပါ သည်။ ကျွန်မ သတိပြုရလောက်အောင် အလံဖြူ လေးတွေပါ ပြလာပါသည်။ ခရီးကပိုရှည် လေလေ ရထားကြီး၏ဆွဲအား၊ ရှိန်းအားကျလာလေလေ ဖြစ်ပါသည်။ အင်ဂျင်စက်သံက ပိုကျယ်လာကာ ဘေးမှ ဆီဖြည့်၊ ရေဖြည့်၊ မီးထိုး အလုပ်ကို ပို၍လုပ်ပေးလာရပါသည်။ သြော်...သည်သို့ သည်ပုံ နဲ့ဘဲ နောက်ဆုံးဘူတာ ဖြစ်တဲ့ မရဏဘူတာ ဆီသို့ ရောက်ရမှာပါ တကား...။

ထို့ကြောင့်မြတ်စွာဘုရားရှင်က ဘယ်ဘဝ၊ ဘယ်ခန္ဓာရရ အိုးနာ၊သေ နဲ့ပဲအဆုံးသတ်ရ မှာ၊ ခန္ဓာ မှန်သမျှ ဒုက္ခ သစ္စာချည်းပဲ လို့ ဟောတော်မူခဲ့ခြင်းဖြစ်ပါသည်။ ကျွန်မသည် သမီး လေးအား park (play ground)သို့ လိုက်ပို့ရာ လမ်း၌ nursing home တစ်ခုကို ဖြတ်ကျော် သွားရလေ့ရှိသည်။ ထို nursing home မှတစ်ချို့သော အဖိုးအို၊ အဖွားအို တို့သည် weelchair ပေါ်၌ဖြစ်စေ၊ ကုလားထိုင်ပေါ် ထိုင်၍ဖြစ်စေ ထိုင်လျှက် အပြင် လမ်းမ platform ပေါ်တွင် ဖြတ်သန်းသွားလာနေသောသူများကို ငေးမောကြည့်ရှု နေလေ့ရှိသည်။ သူတို့ကို မြင်တိုင်းကျွန်မသည် အိုးနာ၊သေ၊ဒုက္ခကို ဉာဏ်ဝင်ကာ ဆင်ခြင်လျှက်ကြီးစွာသော သံဝေဂ တို့ ဖြစ်ရ၏။ တစ်နေ့ကျ သူတို့လိုမျိုး ငါလည်း ဖြစ်ရလိမ့်မယ်၊ ခုချိန်မှာတောင် ခန္ဓာကဒီလောက်နှိပ် စက်နေတာ၊ သူတို့အရွယ်ဆို ခံရမဲ့ဒုက္ခ ကပိုဆိုးတော့မယ် ဆိုတဲ့ အတွေးဟာ ခေါင်းထဲရောက် လာပါသည်။ နာခေါင်းမှာလည်းပိုက်နဲ့၊ လက်မှာလည်းပိုက်နဲ့၊ ကိုယ့်ဟာ ကိုယ်လည်းဘာမှမ လုပ်နိုင်တော့ပါလား။ သူများကျွေးမှစားရတဲ့ဘဝ၊ သူများပြုသမျှ နေရတဲ့ဘဝ၊ ဘယ်မှာလဲ ငါ လုပ်ရင်အားလုံးဖြစ်တယ်..ဆိုတဲ့ "မာန" နဲ့ "ငါ"...။ သူတို့သည် မကြာမီ ရောက်လာတော့မည့် မရဏ မင်း ကို ထိုင်စောင့်နေကြရသည်။ ဒီလိုအချိန်မှာ ဝိပဿနာ အလုပ်ကိုမလုပ်ထား၊ မလေ့ကျင့်ထား ဘူးဆိုရင်တော့ စိတ်ပိုင်းဆိုင်ရာ အားငယ်စိတ်တွေ၊ ဝင်နိုင်ပါသည်။ ကိုယ်ဖြစ်ချင်တဲ့ အနာဂတ် လည်းမရှိ တော့အတိတ်ကိုပဲပြန်တွေးကာ စိတ်ပိုင်းဆိုင်ရာမူမမှန်မှု တို့လည်းဖြစ်လာနိုင်ပါ သည်။ ဒါကြောင့်လည်း နေတတ်ဖို့ထက် သေတတ်ဖို့က ပိုအရေးကြီးပါသည်။ အခုကတည်းက ဝိပဿနာအလုပ် ကိုကြိုးစားအားထုတ်သင့်ပေသည်။

ဝိပဿနာအလုပ်ကို အားထုတ်ရာ၌လည်း သီလစင်ကြယ်ရေးသည် အဓိကကျပါ သည်။ ငါးပါးသီလကိုသာမက အာဇီဝမကသီလကိုပါ စောင့်ထိန်းလျှင် အဆင့်မြင့် ဝိပဿနာ ဉာဏ်များ ကိုရနိုင်ပါသည်။ ငါးပါးသီလဟုဆိုရာ၌လည်း ကာမေသု မိစ္ဆာစာရ အစား အဗြဟ္မ စရိယ သိက္ခာပုဒ် ကို စောင့်ထိန်းနိုင်လျှင်ပိုကောင်းပါသည်။ အာဇီဝမကသီလ ကိုစောင့်ထိန်း ခြင်းအားဖြင့် လူတစ်ဦးနှင့် တစ်ဦးကြား အချစ်ပျက်စေရန် ကုန်းတိုက်မှု၊ ကြမ်းတမ်းခက်ထန် စွာပြောဆိုမှု၊ အနှစ်မရှိသော သိမ်ဖျင်းသောစကားတို့ကို ပြောဆိုမှုများမှ ရှောင်ကြဉ်ခြင်းသည် ဝိပဿနာ ဉာဏ်များမြင့်တက်လာစေရန် ကြီးသောအထောက်အကူကိုဖြစ်စေပါသည်။ တိုရှင်း လိုရှင်း ပြောရရင်ဖြင့် စကားကို မလိုအပ်ပဲ မပြောရန်ပဲဖြစ်ပါသည်။ ထို့ကြောင့် တရားစခန်း တို့တွင် စကားနည်းပြီးတရားမြဲကြပါစေ ဟူသော စာတမ်းကိုတွေ့နိုင်ပါသည်။

ခန္ဓာ ထဲလှည့် ပတ်နေသောသွေးတို့သည် ဟဒယ ဝတ္ထုကို မှီ၍လှည့်ပတ်နေခြင်းဖြစ်သည်။ ဝိပဿနာရှုသော ယောဂီသည် သီလ အလွန် စင်ကြယ်သောအခါ ဟဒယ ဝတ္ထုရှိရာ မနောအိမ်သည်လည်း အလွန်သန့်စင် ကြည်လင်လာပါသည်။ ခန္ဓာ တွင်း လှည့်ပတ်နေသောသွေးတို့သည် ပတ္တမြားသွေး ကဲ့သို့ အရောင်ပြောင်းလာပါသည်။ ယောဂီ၏ ဝိရိယ အားကောင်း လာသည်နှင့်အမျှ ဟဒယ ဝတ္ထု နှင့် လှည့်ပတ်နေသောသွေးတို့၏ ကြည်လင်တောက်ပမှုသည် ပို၍ အားကောင်း လာကာ နောက်ဆုံး ခန္ဓာ တွင်းမှ အပြင်သို့ ကြီးမား သော အလင်းဓါတ်ကြီးကို ထုတ်လွှတ်ပါတော့ သည်။ ထိုအခြေအနေ သို့ရောက်သော ယောဂီ သည် ယခုဘဝမှာပင် မဂ်၊ ဖိုလ် နိဗ္ဗာန် ကိုအာရုံပြုနိုင် စွမ်းသူဖြစ်ပါသည်။ (မှတ်ချက်။ ဆရာတော်ကြီးများ၏ ဩဝါဒ ရှင်းပြချက် အရ သိရပါသည်။) မိမိတွေ့ရှိမှုအပေါ်မ သာယာမိစေရန် အထူးသတိ ထား ရပေသည်။ ထိုသို့ဖြစ်ခြင်းအပေါ်၌ မသာယာပဲ မိမိ ပွါးများနေသော ကမ္မဌာန်းပေါ် တွင်သာ အာရုံစူးစိုက် သတိ မလွှတ်ပဲ ဆက်၍ပွါးများပါက မဂ္ဂင်ငါးပါးနယ် မှ မဂ္ဂင်ရှစ်ပါးနယ်သို့ ကူးပြောင်းရောက်ရှိနိုင်ပါသည်။ မည်သို့ မည်ပုံ ကူးသွားသည် ကို ကိုယ်တိုင်ခံစား သိရှိ နိုင်ရန် လက်တွေ့ကျင့်ကြံ အားထုတ်ကြည့်မှသိနိုင်ပါသည်။

ဝိပဿနာအားထုတ်ရာ၌ လူတစ်ဦးနှင့် တစ်ဦးတို့ ရရှိသော ဉာဏ်အဆင့် တို့ မတူညီရခြင်းမှာ ဝိရိယ ထားပုံခြင်း၊ သီလ စောင့်ထိန်းပုံခြင်း၊ ရသော သံဝေဂ အတိမ်အနက် မတူညီခြင်းကြောင့်ဖြစ်ပါသည်။ ထို့အပြင် ဉာဏ် အနိမ့် အမြင့် နှင့် ဖြည့်ကျင့်ခဲ့သော ပါရမီ အနည်းအများ တို့ပေါ်တွင် လည်းမူတည်ပါသည်။ တစ်ချို့သောပုဂ္ဂိုလ်များ သည် ခက်ခဲပင်ပန်းစွာ ကျင့်မှ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရကြသည်။ တစ်ချို့မှာကား သက်သာလွယ်ကူစွာ ကျင့်ခြင်းဖြင့် ရကြသည်။ တစ်ချို့သော ပုဂ္ဂိုလ်များ သည် အချိန်ကြာမြင့်စွာအားထုတ် ရသည်။ တစ်ချို့မှာကား (၇) ရက်၊ (၇) လ၊ (၇) နှစ်အတွင်းရကြသည်။ ထို့ကြောင့် ဝိပဿနာ အလုပ်သည် ဖေါ်မြူလာ ထုတ်ပီးကိန်းသေ တွက်၍မရပေ။ ကျွန်မ၏ ဓမ္မမိတ်ဆွေ တစ်ဦးသည် အဆင့်မြင့် ဝိပဿနာဉာဏ် ကိုရရှိထားသူတစ်ဦးဖြစ်သည်။ သို့သော် တစ်ချို့သော ဓမ္မမိတ်ဆွေ တို့က သူ၏ တရားအားထုတ်မှု ကာလကိုကြည့် ပြီး နင်ကငါ တို့နောက်မှ တရားလုပ်တာ၊ ငါတို့က နင့်ထက်ပိုသိတယ် ဟုပြောခြင်းခံရသည်။ ထိုသို့ပြောဆိုခြင်းသည် အလွန်မှားပေသည်။ အပြောမတတ်လျှင် အရိယူပဝါဒကံ သင့်တတ်ပေသည်။ အရိယာ ဟူသည် ဆိုင်းဘုတ်မချိတ်ထားပါ။ အားလုံးကိုလေးစားခြင်းသည် အကောင်းဆုံးပင်ဖြစ်ပါသည်။

ထို့အပြင် တရားစခန်းဝင်မှ တရားရမည် ဆိုသောအယူအဆမှာလည်း ယနေ့ သိပ္ပံပညာတိုးတက်သောခေတ်တွင် ရာနှုန်းပြည့်မမှန်ကန်ပါ။ ကျွန်မသည် အခြေအနေ အကြောင်းကြောင်း ကြောင့် ယခုချိန်ထိ တရားစခန်း ဝင်နိုင်ခြင်းမရှိပါ။ သို့သော်လည်း ကျေးဇူးတော်ရှင်ဆရာတော်ကြီးများဖြစ်ကြသော ဓမ္မရံသီ ဆရာတော်ဦးသုနန္ဒ၊ ထူးကြီးဆရာတော်၊ မိုးညှင်းသိဂ်ီ ဆရာတော်၊ အရှင်ဇဝန(မေတ္တာရှင်) တို့၏ ဟောတရားများ၊ အလုပ်သင် အလုပ်ပေး တရားများကို ကျွန်မ၏ နေအိမ်၌ပင် ခွေဖြင့် သေချာစွာ နာကြား ကာ ကြိုးစား

ပွဲးများခဲ့၊ ပွဲးများ ကျင့်ကြံဆဲဖြစ်ပါသည်။ ခန္ဓာ ကပြသော တရားတို့ကိုလည်း ထင်ရှားစွာသိရှိခံစားရပါသည်။ ခန္ဓာတွင်း ဓါတ်ကြီးလေးပါး၏သဘောသဘာဝ ကို စတင်တရားအားထုတ်သည့် ချိန်မှ နှစ်လအတွင်း သိမြင်ခွင့်ရခဲ့ပါသည်။ ထိုကြောင့် ဝိပဿနာ သည် မိမိနေအိမ်မှာပင် စီးပွါးမပျက် နေထိုင်ရင်း အားထုတ်နိုင်ကြောင်း သက်သေပြနိုင်ခဲ့ပါသည်။ ကျွန်မသည် တရားအလုပ် လုပ်ရန် အိမ်၌အခန်းတစ်ခု သတ်သတ်ယူထားပါသည်။ ထိုအခန်းအတွင်း အာရုံတစ်ပါးစိတ်မသွားပဲ တရားနာခြင်း၊ တရားအားထုတ်ခြင်းတို့ကိုပြုလုပ်ပါသည်။ အဓိကမှာတရားစခန်းဝင်အားထုတ်သည်ဖြစ်စေ၊ အိမ်မှာနေ၍ အားထုတ်သည်ဖြစ်စေ မိမိစိတ် ကိုထိန်း သိမ်းနိုင်ဖို့၊ ပြင်ပအာရုံဖက် စိတ်မည္ဘတ်ဖို့ ပဲအရေးကြီးပါသည်။ ကျွန်မရုပ်ရှင်ကြည့်ခြင်း၊သီချင်း နားထောင်ခြင်းမရှိတော့သည်မှာ ၂၀၀၇ ခုနှစ်, ဝိပဿနာစတင်အားထုတ်ကတည်းကဖြစ်ပါသည်။

ဆရာတော်ကြီးများ၏တရားတော်များကိုလည်း ဂိုဏ်းအစွဲကင်းကင်းဖြင့် နာကြားမှတ်သားသင့်ပါသည်။ သို့မှသာ ဆရာတော်တစ်ဦးချင်းဆီမှ ကောင်းသော အနှစ်သာရ အဆုံးအမများကို ဆွဲယူနိုင်ပေမည်။ တရားတော်များအားလုံးသည် မြတ်စွာဘုရားရှင် ဟောကြားခဲ့သော တရားများ အတူတူပင်ဖြစ်သော်လည်း တင်ပြ၊ ဟောပြောသူ ဆရာတော်များ၏ တင်ပြပုံ၊ ဟောပြောပုံ ကွာခြား၍ လူတို့ အကြိုက် အနည်းအများဖြစ်ကြခြင်းဖြစ်ပါသည်။

ဝိပဿနာ အားထုတ်ရာ၌ လည်း နောက်ထပ် ဇာတိ မလာရေးကိုသာ ရည်ရွယ်ချက်ထားရပါမည်။ ယခုဘဝ တွင် မဟာသောတာပန် ထက် စူဠသောတာပန် ဖြစ်ဖို့ ပိုအရေးကြီးပါသည်။ မဟာသောတာပန် သည်ရှင်ဘုရင်နှင့်တူ၍ စူဠသောတာပန်သည် အိမ်ရှေ့မင်းနှင့်တူပါသည်။ အိမ်ရှေ့မင်းသားသည် တစ်ချိန်ချိန်တွင် သေချာပေါက် ရှင်ဘုရင်ဖြစ်မှာ ကျိန်းသေသောကြောင့်ဖြစ်ပါသည်။ ပါရမီ ရှိလျှင်ယခုဘဝ မှာပင် မဟာသောတာပန် ဖြစ်ပေလိမ့်မည်။ ထိုသို့မဖြစ်လျှင်လည်း ရှေ့လာမည့် ဘဝ၌ ဖြစ်ပေမည်။ ယခုဘဝမှသေလျှင် လည်းအပါယ်သို့မကျပဲ သုဂတိဘုံ ဖြစ်သော လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံ သို့သာရောက်ရပေသည်။ စူဠသောတာပန် ဆိုသည်..ရုပ်တရား၊ နာမ်တရားအပေါ် ငါစွဲ ပြုတ်ထားသော၊ ခန္ဓာ ဖြစ် ပျက်ကို ကောင်းစွာမြင်ထားသော ပုဂ္ဂိုလ်ကို ခေါ်ပါသည်။ တစ်ခု သတိရ၍ပြောချင်သည်မှာ ရုပ်သက်သက်၊ နာမ်သက်သက် ခွဲမရကောင်းပါ။ ရုပ်၊နာမ် ကို ကွဲ၍သိကောင်းသည်၊ ခွဲ၍မရကောင်းပါ။ အဘယ်ကြောင့်ဆိုသော် ခန္ဓာ ငါးပါးသဘောတရားတို့သည် တစ်ပေါင်းတည်းဖြစ်၍ တစ်ပေါင်းတည်းပျက်သောကြောင့်ဖြစ်ပါသည်။

ဝိပဿနာအားထုတ်ရာ၌ စကားလုံး နှင့် တရားသား ကွဲပြားရန်အထူးလိုအပ်ပါသည်။ ဥပမာအားဖြင့် အဝိဇ္ဇာ ဆိုသည်မှာ စကားလုံး ဖြစ်ပါသည်။ ၎င်း၏အဓိပ္ပါယ်မှာ အမှန်မသိခြင်း၊ သစ္စာမသိခြင်း ဖြစ်ပါသည်။ ဉာတပရိညာ အားဖြင့် ယောဂီတိုင်းလိုလို အဝိဇ္ဇာ ၏ အဓိပ္ပါယ် ကိုသိကြပါသည်။ သို့သော် ထို အဝိဇ္ဇာ ၏သဘောကို မိမိ ခန္ဓာမှာ ဘယ်လိုသိနိုင်မလဲ? ဘယ်အချိန်မှာပေါ်သလဲ? ဆိုတာကိုတော့ သိသူနည်းပါသည်။ မိမိ တို့၏စိတ် သန္တာန် ၌ ပညာဉာဏ် (ဝိပဿနာဉာဏ်) မဖြစ်သောအချိန်၌ အဝိဇ္ဇာ ပေါ်ပါသည်။ ထိုအခါ ငါ မဟုတ်တာကို ငါ ထင်လာပါသည်။ ထိုမှတစ်ဖန် ငါ့သား၊ ငါ့သမီး၊ ငါ့ပစ္စည်း ဆိုသော တဏှာ နှင့် ငါ

ဘာမှတ်လို့လဲ ဆိုတဲ့ မာန ပါ ပေါ်လာပါသည်။ သည့်နောက်မှာတော့ ကာယကံ၊ ဝစီကံ၊ မနော
ကံ နှင့် ကြံစည်၊ပြောဆို၊ကျူးလွန်ခြင်းများ ဆင့်ကဲ ဆင့်ကဲဖြစ်လာပါသည်။ မြတ်စွာဘုရားရှင်
သည် စကားမပြောသော ပရမတ် သဘောတို့ကို တစ်ဖက်သားနားလည်စေရန် စကားလုံး
တို့ဖြင့် ခေါ်ဝေါ်သမုတ်ခဲ့ပါသည်။ ထို သဘောတရား တို့ကို မိမိသန္တာန်၌ ပေါ်သည့်အခါ ပေါ်
မှန်းသိပြီး ဝိပဿနာနှင့်လိုက်ရပေသည်။ ဆိုလိုသည်မှာ ကလေးစာသင် သလိုသိကာမျှဖြင့်
မည်သို့မျှ အဆင့်မြင့်သော ဝိပဿနာဉာဏ် မရနိုင်ပါ။ ပဋိစ္စ သမုပ္ပါဒ် ဒေသနာ အရ သံသရာမှ
ထွက်ရာလမ်းသည် ဝေဒနာ နှင့် တဏှာ အစပ်မှာဖြစ်သည်။ ထိုမျှလောက် သိရုံဖြင့် သံသရာမှ
မထွက်နိုင်ပါ။ မိမိ၏ သန္တာန်၌ ဖြစ်ပေါ်သော တဏှာ အစပ်ကို သိဖို့လိုပါသည်။ ပုထုစဉ်
များသိသော တဏှာ ကားလိုချင်တပ်မက်ခြင်း၊ လောဘ ဟု အဓိပ္ပါယ်ရသည်။ အရိယာ
တို့သိသော တဏှာ မှာ ဆက်စပ်ပေးခြင်း ဟု အဓိပ္ပါယ်ရသည်။ တဏှာ ဟူသော လက်သမား
ကြောင့် ဇာတိ တစ်ဖန် ဖြစ်ရခြင်းဖြစ်သည်။ မိမိ၏ သန္တာန်၌ ဖြစ်ပေါ်သော တဏှာ အစပ်ကို
ကိုယ်တိုင် ရှာဖွေသိရှိကာ ထိုအစပ်ကို ဖြတ်တတ်ပါက သံသရာမှ လွတ်ရန် မဝေးတော့ပါ။
အမှန်တော့ တဏှာ သည် သတ္တဝါ တို့၏ စိတ်အစဉ် ၌ အေးငြိမ်းမှ မရအောင် အတွေးများ
တစ်ခု ပြီး တစ်ခု ဆက်နေခြင်းကိုဆိုလိုပါသည်။ မြင်ဖူး၊ ကြားဖူး၊ နံဖူး၊ စားဖူး၊ ထိဖူး သော
ဥပါဒါနက္ခန္ဓာ တို့ကြောင့် မနော တွင် ဖွဲ့လာသော ပုံရိပ်တို့ကို အကောင်ထင် သောကြောင့်
အသက်ဝင် လုပ်ရှား လာရသည်။ ထိုအချိန်တွင် ပညာဉာဏ် မဝင်ပါက အဝိဇ္ဇာဖုံးကာ
ကံမြောက်ပေတော့သည်။ ကံမြောက်လျှင် ဇာတိ တစ်ဖန်လာပေ တော့မည်။ ထိုသို့မဖြစ်ရန်
အတွက် ပညာအလင်း ဦးဆောင်သောစိတ် ဖြင့် ထို ပုံရိပ်တို့သည် ငါ ဟုမပြောကြောင်း ဉာဏ်
နားဖြင့်ထောင်ကြည့်ပါ။ ငါ့ဟာ၊ ငါ့ဥစ္စာ ဟုမပြော ကြောင်းလည်း ဉာဏ်နားဖြင့်ထောင်ကြည့်ပါ။
၎င်းတို့သည် အကောင်အထည်မဟုတ် သော အသက်မရှိသော ခန္ဓာငါးပါး သဘောတရား တို့
သာဖြစ်ပြီး၊ စကားမပြော၊ ဘာမှတောင်း ဆို မှုလည်းမရှိပါ။ ထိုသို့သိလိုက်၊ စောင့်ကြည့် လိုက်
သည်နှင့် ထိုအတွေးပုံရိပ်တို့ ပျောက်၍ မဆက်တော့ ပဲ တဏှာအစပ်ပြတ်လေ သည်။ ထိုမှ
တစ်ဖန် ခန္ဓာငါးပါးတို့၏ တရိပ်ရိပ် နှင့် ကုန်ဆုံး ချုပ်ငြိမ်းနေမှု အပေါ် ဉာဏ်စိုက်ထား ရပေ
သည်။ မည်သည့် အတွေးပေါ်ပေါ် ထိုကဲ့သို့ မနောမှစောင့်ဖမ်းကာ ရှုမှတ် ပွါးများပါ က
နောက်ဆုံးတစ်နေ့တွင် တဏှာ အစပ်လုံးလုံး ပြတ်ကာ သံသရာမှ လွတ်မြောက် ပေလိမ့်မည်။
ထိုအဆင့်သို့ရောက်ရန်လည်း အသိနှင့် သတိပေါင်း၍ ကြိမ်ဖန်များစွာ ရှုမှတ်ရပေမည်။

နိဂုံးချုပ်အနေနဲ့ ပြောရရင်ဖြင့် ခန္ဓာ ရထားကြီး မရဏဘူတာ ဝင်ချိန်မှာ (ဝိပဿနာ)
ဉာဏ်အသိ နဲ့ သတိ လက်ကိုင်ထားနိုင်ဖို့ပဲ ဖြစ်ပါသည်။ သို့မှသာ အနာဂတ်ဘဝ၌
သူတော်စင်တို့ လျှောက် သော မြင့်မြတ် မှန်ကန်သောလမ်းကို ရွေးချယ်လျှောက်လှမ်းနိုင်၍
သူတော်ကောင်းအပေါင်း နှင့်အတူ သံသရာမှ အပြီးတိုင် လွတ်မြောက်နိုင်ပေမည်။

မေတ္တာဖြင့်
စီစီချို့သန်း
ဩဂုတ်လ(၈)ရက်၊ ၂၀၀၉